## (၁) ရွက်ပြောက်ရောဂါ  (Leaf spot/wheat spot blotch)

**ရောဂါဖြစ်စေသောသက်ရှိ - *Helminthosporium sativum* Pammel, C.M. King & Bakke)**

### ရောဂါလက္ခဏာ

ဂျုံရွက်များတွင်အဝါရောင်အနားရစ်ပါသော နီညိုရောင်ဘဲဥပုံ (သို့) လုံးရှည်ပုံ ကွက်ပြောက်လေးများဖြစ်ပေါ် ပြီးရောဂါပြင်းထန်ပါက အရွက်ခြောက်သေသွား သည်။ အပင်လည်းပုပြီး အနှံအနည်းငယ်သာထွက်သည်။



### ကာကွယ်နှိမ်နင်းနည်းများ

- ခံနိုင်ရည်ရှိသောမျိုးကိုစိုက်ပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များနှင့် ရောဂါခိုအောင်းနိုင်သော ပေါင်းမြက်များကို မီးရှို့ဖျက်ဆီးပါ။
- မျိုးစေ့ကို မျိုးစေ့လူးနယ်မှိုသတ်ဆေးတစ်မျိုးမျိုးဖြင့် လူးနယ်စိုက်ပါ။
- ရောဂါကျရောက်ပါက Mancozeb (မန်ကိုဇက်)၊ Propiconazole (ပရိုပီကိုနာဇိုး)၊ Tebuconazole (တက်ဗျူကိုနာဇိုး)၊ Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း) စသောမှိုသတ်ဆေးများပက်ဖျန်းနှိမ်နင်းပါ။